**ကရင်လူငယ်အစည်းအရုံး**
**လယ်ဒို(ကျောက်ကြီး)မြို့နယ်**

**နေ့စွဲ - ဇွန်လ (၂၈)ရက်၊ ၂၀၂၂ ခုနှစ်။**

## လယ်ဒို(ကျောက်ကြီး)မြို့နယ်အတွင်းကရင်လူငယ်အစည်းအရုံးမှအကြမ်းဖက်စစ်ကောင်စီ၏ လုပ်ရပ်များကို ကန့်ကွက်ရှုံ့ချကြောင်း ထုတ်ပြန်ကြေငြာခြင်း

၁။မိမိတို့ လယ်ဒို(ကျောက်ကြီး)မြို့နယ် ကရင်လူငယ်အစည်းအရုံးသည် လူငယ်ရေးရာကိစ္စအဝဝကိုဗဟို,ခရိုင်,မြို့နယ်မှ ကျေးရွာအုပ်စုအထိ အဆင့်ဆင့်ဖွဲ့စည်းပြီး မိမိတို့ချမှတ်ထားသည့်လမ်းစဉ်နှင့်အညီ လုပ်ဆောင်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၂။အထူးသဖြင့်အကြမ်းဖက်စစ်ကောင်စီမှဖေဖော်ဝါရီလ(၁)ရက်၊၂၀၂၁ခုနှစ်တွင်မတရားအာဏာသိမ်းယူပြီးသည့်အချိန်မှစ၍ ပြည်သူလူထုများ၏ လူမှုဘဝလိုအပ်ချက်များကို ပြည်သူလူထုနှင့်အတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်စစ်ကောင်စီကြောင့် ၎င်းတို့ရင်ဆိုင်နေရသည့်လူမှုဒုက္ခအဝဝကို စောင့်ကြည့်မှတ်တမ်းတင်လျက်ရှိပါသည်။လတ်တလောတွင် လယ်ဒို(ကျောက်ကြီး)မြို့နယ်အတွင်းရှိ ကျေးရွာအချို့အတွင်းသို့ လက်နက်ကြီးလက်နက်ငယ်များဖြင့် စဉ်ဆက်မပြတ်ပစ်ခတ်နေမှုကြောင့် ကျေးရွာပေါင်း(၁၂)ရွာမှ လူဦးရေး(၁၀၅၂၆)ဦးမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး အခြားကျေးရွာနေပြည်သူများမှာလည်း စိုးရိမ်ထိတ်လန့်လျက်နေနေရသည်။

၃။ မိမိတို့လယ်ဒို(ကျောက်ကြီး)မြို့နယ် ကရင်လူငယ်အစည်းအရုံးသည် မိမိတို့ကိုင်စွဲထားသော သစ္စာအဓိဋ္ဌာန်နှင့် ဆန့်ကျင်နေသည့် အကြမ်းဖက်စစ်ကောင်စီ၏ လူသားမဆန်သောလုပ်ရပ်များကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက် ရှုံ့ချသည်။

၄။ပြည်သူလူထုများ၏ လက်ရှိအခြေအနေသည် လူမှုဒုက္ခအဝဝကို ရင်ဆိုင်နေရပြီး လူမှုဘဝလုံခြုံမှုကင်းမဲ့နေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ လုပ်ရပ်ကို ရပ်တန့်နိုင်ရန်နှင့် ပြည်သူလူထုများ၏ လူမှုဘဝလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်မိမိတို့ဒေသအတွင်း ကရင်လူငယ်ထုအနေဖြင့် ကရင်လူငယ်ထုအပါအဝင် ဒေသတွင်းအခြားလူငယ်များနှင့်လည်း အတူတကွ ဆောင်ရွက်လျက်ရှိသည်။

၅။ထို့အပြင် ပြည်သူလူထုများအပေါ် အကြမ်းဖက်နေသည့် စစ်ကောင်စီ၏လုပ်ရပ်မှန်သမျှကို ရပ်တန့်ရန်နှင့် ပြည်သူလူထု၏ လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသအသီးသီးမှ ကရင်လူထုအပါအဝင် အခြားလူငယ်ထုများ အားလည်း မိမိတို့တတ်နိုင်သည့်ဖက်မှ ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

၆။တပ်မတော်သားများအားလည်း မိမိ၏ တာဝန်ဖြစ်သည့် ပြည်သူလူထုများအား အကာအကွယ်ပေးရန် သစ္စာဂတိပြုထားသည့်အပေါ် မိမိဂတိသစ္စာနှင့်ဆန့်ကျင်သည့် အမိန့်ညွှန်ကြားချက်မှန်သမျှကို ဆန့်ကျင်ပြီး ပြည်သူလူထုနှင့်အတူရပ်တည်ရန် တိုက်တွန်းပါသည်။

**ဆက်သွယ်ရန် -**

**Phone – 09757721004**

**အလုပ်အမှုဆောင်ကော်မတီ**
**ကရင်လူငယ်အစည်းအရုံး**
**ကျောက်ကြီးမြို့နယ်**